စိတ်ကူးချိုချိုအနုပညာ

# လုပ်ငန်းခွင်များတွင် ထူးချွန်အောင်မြင်စွာ ကြီးကြပ်ကွပ်ကဲခြင်း

အောင်လှိုင်-မြန်မာပြန်

ACHIEVING SUPERVISORY EXCELLENCE

Be the Leader Your People Need

by Rick Conlow and Doug Watsabaugh

mgyoe.com

mgyoe.com

နိုင်ငံရေးမတည်ငြိမ်မှု စီးပွားရေး၊ အကျပ်အတည်းဖြစ်မှုများနှင့် ပြည့်နှက်နေသော ကမ္ဘာကြီးအတွင်း၌ စီမံခန့်ခွဲနိုင်မှုပညာနှင့် ကြီးကြပ်ကွပ်ကဲနိုင်မှု အရည်အသွေးများ အကြီးအကျယ် လိုအပ်လျက်ရှိသည်။

စီမံခန့်ခွဲမှုဆိုင်ရာအတိုင်ပင်ခံ "ပီတာဒရပ်ကာ" က - "အရာရာတိုင်းကို မှန်မှန်ကန်ကန် လုပ်တာနဲ့ ပတ်သက်ရင် စိတ်ပူစရာမလိုဘူး၊ မှန်တာကိုပဲ ဆက်လုပ်ပေါ့၊ ဒါပေမဲ့ ဘယ်ဟာတွေက အမှန်လဲဆိုတာကိုတော့ သိဖို့ လိုတယ်" ဟု ပြောခဲ့ဖူးသည်။ ဤစာအုပ်သည် သီအိုရီချည်းသက်သက် တင်ပြထားခြင်း မဟုတ်ဘဲ လက်တွေ့ဆောင်ရွက်နိုင်စွမ်းရှိရေးအတွက် အဓိက ဦးစားပေးသော စာအုပ်သာဖြစ်သည်။

ကြီးကြပ်ရေးမှူးကောင်းတစ်ယောက် ဖြစ်ရန်အတွက် ကြိုးစားအား ထုတ်မှုနှင့်သာ တိုက်ရိုက်သက်ဆိုင်နေပြီး အလိုလို မွေးဖွားလာခြင်း မဟုတ် သည်ကို သတိပြုရမည်ဖြစ်သည်၊ ထို့ကြောင့် အများအားကြီးကြပ်ကွပ်ကဲ မည့်သူအနေဖြင့် စာသင်သားဘဝမှာကတည်းကပင် အောက်သက်ကျေ အောင် လေ့လာဆည်းပူးပြီး အကောင်းဆုံး စီမံခန့်ခွဲနိုင်သည့်အဆင့် ရောက်သည်အထိ ကြိုးစားသွားရမည်ဖြစ်သည်ဟု စာအုပ်ပြုစုသူ ဝါရင့်စီမံခန့်ခွဲသူများက ဆိုသည်။

# လုပ်ငန်းခွင်များတွင် ထူးချွန်အောင်မြင်စွာ ကြီးကြပ်ကွပ်ကဲခြင်း

အောင်လှိုင်-မြန်မာပြန်

ah0014

1200.00 · Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

၈၀၈ · ၈၃

လုပ်ငန်းခွင်များတွင်ထူးချွန်အောင်မြင်စွာကြီးကြပ်ကွပ်ကဲခြင်း
အောင်လှိုင်- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၈၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) လုပ်ငန်းခွင်များတွင်ထူးချွန်အောင်မြင်စွာကြီးကြပ်ကွပ်ကဲခြင်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လုပ်ငန်းခွင်များတွင် ထူးချွန်အောင်မြင်စွာ ကြီးကြပ်ကွပ်ကဲခြင်း

## ACHIEVING SUPERVISORY EXCELLENCE

Be the Leader Your People Need

by **Rick Conlow and Doug Watsabaugh**

အောင်လှိုင်

မြန်မာပြန်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– နိဒါန်း ဏ

အပိုင်း–၁

– စွမ်းဆောင်ရည်မြင့်မားသော ရည်မှန်းချက်ထူထောင်ခြင်း ၁

အပိုင်း–၂

– ခိုင်မာစွာ ယုံကြည်လက်ခံစေခြင်း ၂၁

အပိုင်း–၃

– ပြဿနာဖြေရှင်းနိုင်မည့် အခြေအနေများအား
ကြိုတင်ဖန်တီးနိုင်ခြင်း ၄၀

အပိုင်း–၄

– ပြောင်းလွယ်ပြင်လွယ်သော ပုံစံဖြင့် ကြီးကြပ်ကွပ်ကဲခြင်း ၅၅

အပိုင်း–၅

– မြင့်မားသော ကာယဉာဏစွမ်းပကားဖြင့်
လုပ်ငန်းများကို ဦးဆောင်ခြင်း ၆၆


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

နိုင်ငံရေးမတည်ငြိမ်မှု စီးပွားရေး၊ အကျပ်အတည်းဖြစ်မှုများနှင့် ပြည့်နှက်နေသော ကမ္ဘာကြီးအတွင်း၌ စီမံခန့်ခွဲနိုင်မှုပညာနှင့် ကြီးကြပ်ကွပ်ကဲနိုင်မှု အရည်အသွေးများ အကြီးအကျယ်လိုအပ်လျက်ရှိသည်။ များပြားလှစွာသော စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်တို့အနေဖြင့် အမျိုးမျိုးသော သီအိုရီများဖြင့် အကြံညဏ်ပေးနေကြသော်လည်း ပြည့်စုံလုံလောက်၍ ထိရောက်မှုရှိသော အခြေအနေအထိ စွမ်းဆောင်ပေးနိုင်ခြင်း မရှိကြပေ။

လက်ရှိကာလ၌ ကုန်ထုတ်စွမ်းရည် မြှင့်တင်ခြင်း၊ ဖောက်သည်များအတွက် ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းအရည်အသွေး တိုးမြှင့်ခြင်းနှင့် အလုပ်သမားတို့၏ ရပိုင်ခွင့်များ တိုးတက်စေရေးတို့အတွက် စီမံခန့်ခွဲနိုင်မှု ကြီးကြပ်ကွပ်ကဲနိုင်မှုဖြင့် ဦးဆောင်နိုင်စွမ်းရှိသူများ၊လိုအပ်လျက်ရှိသည်။ စီမံခန့်ခွဲမှုဆိုင်ရာ အတိုင်ပင်ခံ "ပီတာဒရပ်ကာ" က "အရာရာတိုင်းကို မှန်မှန်ကန်ကန် လုပ်တာနဲ့ ပတ်သက်ရင် စိတ်ပူစရာမလိုဘူး" "မှန်တာကိုပဲ ဆက်လုပ်ပေါ့" "ဒါပေမဲ့ ဘယ်ဟာတွေက အမှန်လဲဆိုတာကိုတော့ သိဖို့လိုတယ်" ဟု ပြောခဲ့ဖူးသည်။ ဤစာအုပ်သည် သီအိုရီချည်းသက်သက်တင်ပြထားခြင်း မဟုတ်ဘဲ လက်တွေ့ဆောင်ရွက်နိုင်စွမ်းရှိရေးအတွက် အဓိက ဦးစားပေးသော စာအုပ်သာဖြစ်သည်။

mgyoe.com

mgyoe.com



စာရေးသူအနေဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဆိုင်ရာ စီမံခန့်ခွဲမှု နယ်ပယ်၌ ၂၅ နှစ်တာ အတွေ့အကြုံအရ ဤစာအုပ်အား ပြုစုရေးသားခြင်းဖြစ်သည်။ မန်နေဂျာ (သို့) ကြီးကြပ်ရေးမှူးများအနေဖြင့် ၎င်းတို့ ဆောင်ရွက်ပြုမူလိုက်သည့် (သို့) ဆောင်ရွက်ပြုမူခြင်း မရှိသည့် အခြေအနေများအပေါ် မူတည်၍ အကျိုးခံစားခွင့်များ ရရှိခြင်းနှင့် မရရှိခြင်းများစွာ ကွာခြားသွားကြသည်။

အရည်အသွေး ပြည့်ဝသော ကြီးကြပ်ရေးမှူးများအဖို့ မှန်ကန်သော နည်းလမ်းဖြင့် မှန်ကန်သော ကိစ္စများကိုသာ ဆောင်ရွက်နိုင်ကြသည်။

ကြီးကြပ်ရေးမှူးကောင်းတစ်ယောက် ဖြစ်ရန်အတွက် ကြိုးစားအားထုတ်မှုနှင့်သာ တိုက်ရိုက်သက်ဆိုင်နေပြီး အလိုလို မွေးဖွားလာခြင်း မဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် အများအား ကြီးကြပ်ကွပ်ကဲမည့်သူအနေဖြင့် စာသင်သားဘဝမှာကတည်းကပင် အောက်သက်ကျေအောင် လေ့လာဆည်းပူးပြီး အကောင်းဆုံး စီမံခန့်ခွဲနိုင်သည့်အဆင့် ရောက်သည်အထိ ကြိုးစားသွားရမည်ဖြစ်သည်။

❖

mgyoe.com

mgyoe.com

# အပိုင်း-၁

## စွမ်းဆောင်ရည်မြင့်မားသော ရည်မှန်းချက်ထူထောင်ခြင်း

"အနာဂတ်ဟူသည် ဖြစ်နိုင်ခြေရှိသော အခွင့်အလမ်းသစ်များအား ကျွန်ုပ်တို့ တွေ့မြင်နိုင်စွမ်းရှိခြင်းအပေါ်၌ အမြစ်မူတည်လျက်ရှိသည်။"

*အမည်မသိစာဆို*

ဤအခန်းတွင်

- မြင့်မားသော စွမ်းဆောင်ရည်အတွက် ပုံသေနည်း
- အသင်းအဖွဲ့လိုက် ထားရှိသော ရည်မှန်းချက်နှင့် စီမံကိန်း
- အလုပ်သမားတို့၏ ရည်မှန်းချက်နှင့် စီမံကိန်း တို့ပါဝင်သည်

mgyoe.com

mgyoe.com


## မြင့်မားသော စွမ်းဆောင်ရည်အတွက် ပုံသေနည်း

HP = CE (C + M + E)

High Performance = clear Expectations

မြင့်မားသောစွမ်းဆောင်ရန် = ရှင်းလင်းထင်ရှားစွာ ထားရှိနိုင်သည့် မျှော်လင့်ချက်

Competence + Motivation + Environment

ကျွမ်းကျင်သောလုပ်ရည်ကိုင်ရည် + စိတ်ပါဝင်စားမှု + ပတ်ဝန်းကျင်

အထက်ပါ ပုံသေနည်းသည် စီမံခန့်ခွဲမှုဆိုင်ရာ အတွေးအခေါ် အယူအဆပေါ် မူတည်၍ ထုတ်ယူရရှိသော, လက်တွေ့အသုံးချနိုင်သည့် ပုံသေနည်းတစ်ခုဖြစ်သည်။

မြင့်မားသော စွမ်းဆောင်ရည် ဆိုသည်မှာ အကျိုးရလဒ်ကောင်းများအား စံထားလောက်သည်အထိ တိုးတက်အောင် ကြိုးစားဆောင်ရွက်ခြင်း၊ အလားအလာကောင်းသော အခွင့်အလမ်းသစ်များ ရရှိရန်ရှာဖွေခြင်း၊ အကောင်းဆုံး စီမံကွပ်ကဲ၍ ဦးဆောင်နိုင်ခြင်း၊ ကျွမ်းကျင်သော လုပ်ရည်ကိုင်ရည်ရှိခြင်းတို့ကို ဆိုလိုသည်။

## ရှင်းလင်းထင်ရှားစွာ ထားရှိနိုင်သည့် မျှော်လင့်ချက်

ရည်မှန်းချက်တစ်ခု တည်ထောင်ခြင်းဖြင့် စီမံကိန်းများကို စတင်အကောင်အထည်ဖော်ကာ ကောင်းသော ရလဒ်များအား မျှော်လင့်ခြင်းကို ဆိုလိုသည်။

ရှင်းလင်းထင်ရှားသော မျှော်လင့်ချက်ထားနိုင်ရန် သင်မျှော်လင့်ထားသည့် အခြေအနေနှင့် သင့်ဝန်ထမ်းအလုပ်သမားများ မျှော်လင့်ထားသည့် အခြေအနေတို့ကိုပါ ရှင်းလင်းစွာ နားလည်ထားရန် လိုအပ်သည်။

## ကျွမ်းကျင်သော လုပ်ရည်ကိုင်ရည်

အလုပ်သမားများ၏ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ ဗဟုသုတ၊ ပညာရပ်များအား အဓိကရည်ညွှန်းသည်။ လုပ်ငန်းတွင်

mgyoe.com

mgyoe.com


အကောင်းဆုံး ဆောင်ရွက်နိုင်လိမ့်မည်ဟု ယူဆရသည့် အလားအလာကောင်းသော ဝန်ထမ်းများအား ပိုပိုပြီး အရည်အသွေးမြင့်တက်လာစေရန် လိုအပ်သော လက်တွေ့၊ လေ့ကျင့်၊ သင်တန်းပေးမှုများဖြင့် မွေးထုတ်ပေးရမည်ဖြစ်သည်။

ကြေးစားဘောစ်ဘောကစားသမားများအနေဖြင့် ပွဲစဉ်များမစတင်မီ တစ်နှစ်ပတ်လုံး (ဆောင်းရာသီနှင့် နွေဦးရာသီကာလအတောအတွင်း) စဉ်ဆက်မပြတ်သော လေ့ကျင့်မှုများဖြင့် ပြင်းပြင်းထန်ထန် ပြုလုပ်လျက်ရှိနေကြသည်။ လုပ်ငန်းကဏ္ဍအသီးသီးရှိ ကြီးကြပ်ရေးမှူးတို့အနေဖြင့် ၎င်းတို့လက်အောက် ဝန်ထမ်းများအား ပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်း အစီအစဉ်များ လိုအပ်သလို လုပ်ပေးရမည်ဖြစ်သည်။ သင်တန်းပေးရာ၌ ကွဲပြားသော လုပ်ငန်းသဘာဝတစ်ခုချင်းစီအလိုက် သက်ဆိုင်ရာ ဘာသာရပ်အသီးသီးဖြင့် ပို့ချပေးရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဘေးကင်းလုံခြုံရေး ဆက်သွယ်ရေး၊ ဖောက်သည်များပေါ် ဝန်ဆောင်မှုပေးခြင်း၊ အရည်အသွေးမြင့်တင်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာများ စသည့် သင်တန်းများအား အပတ်စဉ် လစဉ် လုပ်ငန်းစီမံချက်အဖြစ် ချမှတ်ဆောင်ရွက်ရမည် ဖြစ်သည်။

## စိတ်ပါဝင်စားမှုရှိစေခြင်း

အလုပ်သမားဖြစ်သူတို့၏ အလိုဆန္ဒအတိုင်း လုပ်ငန်းအပေါ် စိတ်ပါလက်ပါ လုပ်ကိုင်လိုစိတ်ရှိခြင်းကို ရည်ညွှန်းသည်။ အလုပ်သမားတို့ အနေဖြင့် အလုပ်အပေါ် စိတ်ပါလက်ပါ တစ်စိုက်မတ်မတ် လုပ်ကိုင်လိုစိတ်ရှိလာရန်အတွက် ၎င်းတို့၏ အကျိုးခံစားခွင့်များအား ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်သည်။

ယနေ့ခေတ် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများ၌ အပြိုင်အဆိုင်များစွာ ရှိနေခြင်းကြောင့် စီမံကွပ်ကဲရသည့် ခေါင်းဆောင်များ၌ အရည်အသွေးပြည့်ဝနေစေရန် အရေးတကြီး လိုအပ်သည်။

အရည်အသွေး နိမ့်ကျလွန်းသော ကြီးကြပ်ရေးမှူးများသည် အလုပ်သမားများအပေါ် ကိုင်တွယ်စီမံမှုများ၌ လိုရာဆွဲပြော၍ လွဲမှားစွာ လုပ်ကိုင်

mgyoe.com

mgyoe.com


တတ်ကြသည်။

အမေရိကန်၏ စက်တင်ဘာ ၁၁ ရက်နေ့ တိုက်ခိုက်ခံရမှု အခြေအနေနှင့် လောင်စာဆီ ဈေးနှုန်းများ မြင့်တက်ခြင်းအပေါ် ကုမ္ပဏီအများစုက အပြစ်တင် အကြောင်းပြ၍ ဈေးနှုန်းများ မြှင့်တင်ခဲ့သော်လည်း Southwest လေကြောင်းလိုင်းအနေဖြင့် ပြိုင်ဘက်များအပေါ် အာရုံစိုက်ခြင်းထက် ၎င်းတို့၏ ဝန်ထမ်းများနှင့် ဖောက်သည်များ၏ သက်သာချောမွေ့ရေးကိုသာ ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့်လည်း Southwest လေကြောင်းလိုင်းမှ ဝန်ထမ်းများကလည်း ကုမ္ပဏီ၏ မျှတမှုရှိသော စီမံခန့်ခွဲမှုအပေါ် ကျေနပ်မှု ယုံကြည်မှုများ ပိုသာပြီး နေ့စဉ်ပုံမှန်အလုပ်ဝင်ရန် အမြဲစိတ်စောလျက်ရှိနေတတ်သည်။ Southwest လေကြောင်းလိုင်းသည် ကျွမ်းကျင်သော စီမံခန့်ခွဲသူများအား ငှားရမ်းခြင်း၊ လက်တွေ့သင်တန်းပေးကာ အကောင်းဆုံးစွမ်းဆောင်ရည် ပိုင်ရှင်များအား မွေးထုတ်ခြင်းများ အောင်မြင်စွာ လုပ်နိုင်ခဲ့သည်။ ဆက်ဆံရေးမကောင်းသော လေကြောင်းလိုင်းများအဖို့ ဒေဝါလီခံရသည်အထိ အရှုံးပေါ်ခဲ့ရသည်။ ထို့ကြောင့် စီမံကွပ်ကဲမှု အားနည်းလွန်းသည့် အောက်ပါအချက် ၁၀ ချက်အား အားကောင်းလာအောင် လေ့ကျင့်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

## စီမံကွပ်ကဲမှုအားနည်းလွန်းသည့် အချက် ၁၀ ချက်

အောက်တွင် ဖော်ပြသည့် အချက် ၁၀ ချက်အပြင် အခြားဆောင်ရွက်သင့်သည့် အချက် ၂ ချက်ကိုပါ ထည့်ပေါင်း၍ ပိုမိုကောင်းမွန်သော တာဝန်ယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

----- ၁။ လုပ်ငန်းလည်ပတ်မှုနှုန်းမြင့်မားရန် လိုအပ်ခြင်း

----- ၂။ ကုန်ပစ္စည်းအရည်အသွေးနိမ့်ကျခြင်း၊ ဖောက်သည်တို့အပေါ် ဝန်ဆောင်မှုအားနည်းခြင်း

----- ၃။ ကုန်ထုတ်စွမ်းရည်လျော့ကျခြင်း

----- ၄။ လုပ်ငန်းပျက်ကွက်မှု နှုန်းထားသာမန်ထက် မြင့်တက်နေခြင်း

----- ၅။ နာမကျန်းဖြစ်သည့် နေ့ရက်များ သာမန်ထက်

mgyoe.com

mgyoe.com


လွှန်ကဲနေခြင်း

----- ၆။ လုပ်ငန်းနှင့် ပတ်သက်၍ မကျေနပ်မှုများခြင်း

----- ၇။ အလုပ်သမား ပဋိပက္ခများ အလွန်အကျွံများပြားနေခြင်း

----- ၈။ အလုပ်သမားတို့ ရသင့်သည့် နစ်နာကြေးဆိုင်ရာ ပြဿနာများ ပိုမိုများပြားနေခြင်း

----- ၉။ ကျိုးကြောင်းရှေ့နောက် မညီညွတ်သော အကျိုးရလဒ်များနေခြင်း

----- ၁၀။ အလုပ်သမားများထံမှ စိတ်ကူးအတွေးအခေါ်သစ်များ အနည်းငယ်သာရရှိခြင်း

----- ၁၁။ အခြားကိစ္စများ ---------------------

----- ၁၂။ အခြားကိစ္စများ ---------------------

## ပတ်ဝန်းကျင်

ရှေ့တွင်ဖော်ပြခဲ့သော အကြောင်းအရာများတွင် လုပ်ငန်းဆိုင်ရာ ဝန်းကျင်ပြဿနာအများစု ပါဝင်နေကြခြင်းကြောင့် လုပ်ငန်းဆိုင်ရာ ဝန်းကျင်၏ သွင်ပြင်စရိုက်လက္ခဏာများ ကောင်းမွန်အောင် ထောက်ပံ့ပေးနိုင်ရန် အထူးလိုအပ်သည်။

လုပ်ငန်းဆိုင်ရာ ဝန်းကျင်ကောင်းမွန်ရေး၌ အောက်ပါတို့ပါဝင်စေလျက် ထောက်ပံ့မှုပေးနိုင်မည်ဖြစ်သည်။

- တိုးတက်မှုရှိစေရန် အလားအလာကောင်းသော ဝန်းကျင်၏ အသွင်အပြင်
- ရှင်းလင်းထင်ရှားသော ရည်မှန်းချက် (မသေချာ မရေရာသော ဦးတည်ချက်မရှိစေရန်)
- နားထောင်နိုင်စွမ်းရှိခြင်း (မိမိကပြောခြင်း၊ အော်ဟစ်ကြေးကြော်ခြင်းမလုပ်ရ)
- အသိအမှတ်ပြုခြင်း၊ ချီးမွမ်းခြင်း (အဆက်မပြတ် ကဲ့ရဲ့ဝေဖန်ခြင်းမရှိစေရန်)

mgyoe.com

mgyoe.com


- ပြောဆိုဆက်သွယ်မှု အားကောင်းခြင်း (ပဋိပက္ခမဖြစ်စေခြင်း)
- လုပ်မှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပူးပေါင်းလုပ်ဆောင်ခြင်း (သီးခြားမနေခြင်း)
- ဆန်းသစ်တီထွင်တတ်ခြင်း (အစားထိုးလဲလှယ်ခြင်း) (နည်းလမ်းဟောင်းကို မသုံးခြင်း)
- အဆက်မပြတ် တိုးတက်စေခြင်း
- ဂုဏ်သိက္ခာမြင့်တက်စေခြင်း (ဂုဏ်သရေ မညှိုးနွမ်းအောင် ထိန်းသိမ်းနိုင်ခြင်း)
- စိန်ခေါ်မှုများ ရှိနေသော အလုပ်အား ပျော်ရွှင်စွာဖြင့် လုပ်ကိုင်ခြင်း (နေ့စဉ်ပုံမှန် အလုပ်များအား မပျင်းမရိ ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း)

အထက်ပါ ကောင်းမွန်သော ဆောင်ရွက်ချက်များအား ရှင်းလင်းထင်ရှားသော ရည်မှန်းချက်ဖြင့်သာ စတင်လုပ်ကိုင်နိုင်သည်။ သင်ကိုယ်တိုင်အတွက်ဖြစ်စေ၊ သင့်ဝန်ထမ်းများအတွက်ဖြစ်စေ အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ အောက်ပါမေးခွန်း ၃ ခုအား မှန်ကန်စွာ ဖြေဆိုပေးရပါမည်။

၁။ ကျွန်ုပ်၏ အလုပ်အတွက် အောင်မြင်မှုရစေသည့် အချက်တွေက ဘာလဲ?

၂။ လူအင်အား၊ ငွေကြေးအင်အား၊ ကိရိယာတန်ဆာတွေထဲက ဘယ်အရင်းအမြစ်က အလုပ်လုပ်လို့ ရနိုင်မလဲ?

၃။ အောင်မြင်မှုရစေမယ့် အစီအစဉ်က ဘာလဲ? ရေတိုစီမံကိန်းနဲ့ ဘယ်လို အောင်မြင်အောင်လုပ်မလဲ? ရေရှည်စီမံကိန်းက ပိုကောင်းမလား?

မိမိအလုပ်သမား၊ ဝန်ထမ်းတို့၏ မျှော်လင့်ချက်နှင့် တာဝန်ယူဆောင်ရွက်မှုများအတိုင်း တစ်ဦးချင်းစီ ကျွမ်းကျင်စွာဖြင့် အာရုံစိုက်လုပ်ကိုင်နိုင်အောင် စွမ်းဆောင်ပေးပါ။

## အသင်းအဖွဲ့လိုက် ထားရှိသော ရည်မှန်းချက်နှင့် စီမံကိန်း

ပထမဦးစွာ လုပ်ငန်းစီမံကိန်းအတွက် အသင်းအဖွဲ့အလိုက် ရည်မှန်း

mgyoe.com

mgyoe.com


ချက် အစီအစဉ်များ ချမှတ်ပြီး ရှေ့သို့ တစ်စိုက်မတ်မတ် တိုးတက်လာစေရန် အသေးစိတ်တိကျသည့် စီမံချက်များ ရေးဆွဲရန်လိုအပ်သည်။

ယနေ့ခေတ် ကြီးကြပ်ရေးမှူးအများစုအနေဖြင့် ၎င်းတို့၏ ကုမ္ပဏီလုပ်ငန်းများ ပြီးမြောက်ရန် လုံလောက်သော လူအင်အားဖြင့် စွမ်းဆောင်ပေးနိုင်ကြသည်။ ၎င်းပြင် ကြီးကြပ်ရေးမှူးအများစုသည် လုပ်ငန်းစုတစ်ခု၏ အဖွဲ့ခေါင်းဆောင်များအနေဖြင့်သာ မဟုတ်ပဲ လုပ်ငန်းအစိတ်အပိုင်းအချို့ကိုပါ ဝိုင်းဝန်းဆောင်ရွက်ပေးရတတ်သည်။ တစ်နည်းအားဖြင့် ကိုယ်တိုင်အလုပ်လုပ်ရင်း အဖွဲ့အား ဦးဆောင်ကြီးကြပ်ကွပ်ကဲရသူများပင် ဖြစ်သည်။

## သင့်ကုမ္ပဏီအတွက် မျှော်လင့်ချက်များအား ရှင်းလင်းပြတ်သားစေခြင်း

လုပ်ငန်းစီမံကိန်းများအား ရည်မှန်းချက်ထူထောင်ခြင်းဖြင့် စတင်နိုင်သည်။ ထို့ကြောင့် ကောင်းသော အကျိုးရလဒ်များ တည်ဆောက်နိုင်ရန်အတွက် စီမံကိန်းများ ရှင်းလင်းပြတ်သားမှသာ မျှော်လင့်ချက်များလည်း ရှင်းလင်းပြတ်သားနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ သင်သည် ကြီးကြပ်ရေးမှူးဟူသော အခန်းကဏ္ဍ၌ မည်သို့ ပါဝင်ဆောင်ရွက်ပြီး အတွေ့အကြုံဗဟုသုတများအား မည်သို့ ပြန်လည်ဆန်းစစ်၍ အသုံးချနိုင်သည်ကို ကိုယ်တိုင်နားလည်ထားသူဖြစ်ကြောင်း ရည်ညွှန်းသည်။ ၎င်းပြင် သင်သည် မျှော်လင့်ချက်အတိုင်း အောင်မြင်စေရန်အတွက် မိမိတာဝန်ယူသော လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးခြင်း၊ သူဌေးဖြစ်သူနှင့် ပြောဆိုဆွေးနွေးမှုများ အဆင်ပြေချောမွေ့ခြင်း၊ အောင်မြင်မှုအပေါ် တိုင်းတာနိုင်ခြင်း ရှိရန် စဉ်ဆက်မပြတ် ကြိုးစားရမည်ဖြစ်သည်။ ကုမ္ပဏီတစ်ခုမှ ရက်သတ္တတစ်ပတ်လျှင် အပိုရောင်းကြေးငွေ ဒေါ်လာ ၃၀၀ ရရှိရန် အစီစဉ်ချမှတ်သည်ဆိုပါက အစီစဉ်အား အကောင်အထည်ဖော်ရန် ကြီးကြပ်ရေးမှူးအသီးသီးက စုဝေးတိုင်ပင်ဆွေးနွေးရမည်ဖြစ်သည်။ ထိုကဲ့သို့ စုပေါင်းတိုင်ပင်အဖြေရှာခြင်းဖြင့်သာ လုပ်ငန်းအစိတ်အပိုင်းတစ်ခုချင်းအလိုက် အောင်မြင်လာနိုင်မည် ဖြစ်သည်။

အကယ်၍ သင်သည် လုပ်ငန်းအောင်မြင်မှုအတွက် အတိမ်း

mgyoe.com

mgyoe.com


အစောင်းမခံနိုင်လောက်အောင် အရေးပါသည့်နည်းလမ်း တစ်ခုကို သိရှိထားသည်ဆိုပါက သူဌေးဖြစ်သူနှင့် အရေးကြီးလျှင်ကြီးသလို အလျှင်စလိုတွေ့ဆုံပြီး သူဌေး၏ သဘောထားအမြင် မည်သို့ရှိသည်ကို တီးခေါက်ဆွေးနွေးပေးပါ။ ကြီးကြပ်ရေးမှူးတစ်ဦးအနေဖြင့် "ကောင်းပြီ။ ငါ့ကိုတစ်ယောက်ယောက်က ပြောလာခဲ့ရင်တော့ ငါ့ရဲ့ ဦးဆောင်နိုင်တဲ့ အရည်အသွေးကို ပိုပြီးထုတ်ပြရတော့မှာပဲ" ဟူ၍ ကြိုတင်စဉ်းစားပြင်ဆင်ထားနိုင်ပါသည်။

ရည်မှန်းချက်အတိုင်း အောင်မြင်မှုရစေသည့် အရေးပါသော အခြေအနေများ

အောက်ပါကွက်လပ်ဖြစ်နေသော နေရာများတွင် သင်၏လုပ်ငန်းအတွေ့အကြုံ၊ သင့်လုပ်ငန်းအကြောင်း၊ သင့်အလုပ်ရှင်နှင့် ဆက်သွယ်ပြောဆိုပုံတို့အနက် မည်သည်က အောင်မြင်မှုအရှိဆုံးသော အခြေအနေ ဖြစ်သည်ဆိုသည်ကို ခွဲခြားဖော်ပြပါ။

သင့်လုပ်ငန်းအတွေ့အကြုံ ----------------------

------------------------------------------------

------------------------------------------------

------------------------------------------------

သင့်လုပ်ငန်းအကြောင်း --------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

သင့်အလုပ်ရှင်နှင့် ဆက်သွယ်ပြောဆိုပုံ ---------------

(သင့်အလုပ်ရှင်၏ ထင်မြင်ယူဆချက်)----------------

------------------------------------------------

------------------------------------------------

------------------------------------------------

mgyoe.com

mgyoe.com


## SMART ပုံစံဖြင့် ရည်မှန်းချက်အစီအစဉ်များ ရေးဆွဲခြင်း

SMART ပုံစံဖြင့် ရည်မှန်းချက်ရေးဆွဲခြင်းအား သင်၏ ရည်မှန်းချက်အတိုင်း အောင်မြင်မှုရစေသည့် အရေးပါသော အခြေအနေ ၃ ရပ်အပေါ် အခြေခံ၍ ဆောင်ရွက်ပေးနိုင်သည်။

- Specific (အသေးစိတ်တိကျသော)
  အာရုံစူးစိုက်ဆောင်ရွက်မည်လား?
- Measurable (တိုင်းတာနိုင်သော)
  ဒီလုပ်ငန်း အောင်မြင်အောင်အဆုံးသတ်နိုင် မသတ်နိုင် သင်ပြောနိုင်ပါသလား?
- Attainable (ကြိုးပမ်းဆောင်ရွက်နိုင်သော)
  ယထာဘူတကျတဲ့ ရည်မှန်းချက်ဖြစ်ပါသလား?
- Relevant (စပ်ဆိုင်သော)
  ဦးစားပေးအခြေအနေဖြစ်ပါသလား?
- Time-bound (အချိန်ကန့်သတ်သော)
  ဘယ်အချိန်မှာ ပြန်ပြီးသုံးသပ်လေ့လာနိုင်မှာလဲ?

လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်သူ သင်သည် မည်သည့်အကျိုးကို မျှော်လင့်၍ ရည်မှန်းချက်ချမှတ်ပြီး မည်သို့သော ခြေလှမ်းများဖြင့် ပြုမူဆောင်ရွက်မည်ဆိုသည်ကို တိတိကျကျ စိတ်ဆုံးဖြတ်ချက်ချရန် လိုပါသည်။

## အကောင်းဆုံးအရည်အသွေးရှိသည့် ကြီးကြပ်ရေးမှူးများက လစဉ်လတိုင်း ရည်မှန်းချက်ဆိုင်ရာ အစီအစဉ်များ ဖန်တီးပေးခြင်း

အမေရိကန်ပြည်ထောင်စု၌ လက်လီဈေးနှုန်းဖြင့် ကုန်ပစ္စည်းရောင်းချသော ကုမ္ပဏီပေါင်း ၄၀၀ ကျော်ရှိပြီး ဈေးကွက်သစ်၌ ကုန်ပစ္စည်းသစ်ထိုးဖောက်နေရာယူနိုင်ရေးအတွက် ရည်မှန်းချက်ထားပြီး ကြိုးစားတတ်ကြသည်။ ထို့ကြောင့်လည်း လအနည်းငယ်အတွင်း မြို့အခြေအနေပေါ်မူတည်၍ အရောင်းရာခိုင်နှုန်း 57% မှ 74% ထိ တိုးတက်လာတတ်သည်။ ယင်းမှာ အရည်အသွေးပြည့်ဝသော ကြီးကြပ်ရေးမှူးများ၏ ဦးဆောင်

mgyoe.com

mgyoe.com


ကွပ်ကဲမှုများကြောင့်ပင် ဖြစ်သည်။ ၎င်းကြီးကြပ်ရေးမှူးများသည် လစဉ်လတိုင်း လုပ်ငန်းတိုးတက်မှုအခြေအနေ အသေးစိတ်အား စိစစ်လေ့လာ၍ နောက်လများအတွက် ရည်မှန်းချက်ဆိုင်ရာ အစီစဉ်သစ်များ ထပ်မံချမှတ်တတ်ကြသည်။ ၎င်းပြင် အသင်းအဖွဲ့အလိုက် ဆောင်ရွက်ရာ၌ ကိန်းဂဏန်းအချက်အလက်များအား ဇယားဆွဲခြင်း၊ စာရင်းကောက်ယူခြင်းများ ပြုလုပ်လေ့ ရှိတတ်သည်။

ရည်မှန်းချက်ဆိုင်ရာ မှုကြမ်းရေးဆွဲခြင်း

သင့်ရည်မှန်းချက်နှင့် ပတ်သက်သော မူကြမ်းအား အောက်တွင်ရေးသွင်းပါ။

ဥပမာ–၁း လစဉ်လတိုင်း ဖောက်သည်တို့၏ စိတ်ကျေနပ်မှု ၉၅% တိုးတက်သည်။

ဥပမာ–၂း ရက်ပေါင်း ၉၀ အတွင်း ဘဏ်စာရင်း၌ တိုးတက်မှု ၂% (သို့) လျော့ကျမှု ၂% (သို့) လစဉ်ကြွေးကျန်

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

mgyoe.com

mgyoe.com


## ပြုမူဆောင်ရွက်မည့် အစီအစဉ်များအား ခွဲခြားရွေးထုတ်ခြင်း

သင်၏ ရှုပ်ထွေးသော လုပ်ငန်းဆောင်တာများအား အသေးစိတ်အစီအစဉ်ငယ်များအဖြစ် ခွဲခြား၍ သီးခြားစီဆောင်ရွက်ပေးသင့်သည်။ ဖြစ်နိုင်ပါက မည်သည့် ရည်မှန်းချက်အတွက်မဆို ပြုမူဆောင်ရွက်မည့်အစီအစဉ်များအား ခွဲခြားရွေးထုတ်၍ တစ်ခုချင်းစီ နိုင်နင်းစွာ ဆောင်ရွက်ဖြေရှင်းသင့်သည်။

သင်၏ လုပ်ငန်းအစီအစဉ်များ ပိုမို ရှုပ်ထွေးလာလေလေ၊ ပညာရည်အဆင့်အတန်း မြင့်မားမှု လိုအပ်လာလေလေဖြစ်ပြီး အလုပ်၌ ပိုမို ကျွမ်းကျင်သော ပညာရှင်ဖြစ်လာလေလေ အလုပ်သမားများစွာနဲ့ ပတ်သက်လုပ်ကိုင်ရမှု ပိုမိုလာလေလေဖြစ်နေပါမည်။ လုပ်ငန်းခွင်တစ်ခုအတွင်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်သူအချင်းချင်း တွေ့ဆုံပတ်သက်၍ တွဲဖက်လုပ်ကိုင်ရခြင်းဖြင့် အလုပ်သမားများ၏ စိတ်ပါဝင်စားမှုကို မြင့်တင်ပေးနိုင်ပြီး ပိုမိုကောင်းမွန်သော စိတ်ကူးများဖြင့် အသင်းအဖွဲ့တစ်ခုလုံး၏ လုပ်ငန်းများအား ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များအနက် တစ်ခုလျှင် မိနစ် ၃၀ မှ ၆၀ မိနစ်အတွင်း အစီအစဉ်များ ဖန်တီးရေးဆွဲနိုင်ပြီး မှတ်တမ်းများပါ တစ်ခါတည်း ရေးသွင်းထားနိုင်သည်။

## လုပ်ငန်းစီမံကိန်းဆောင်ရွက်မှု အစီအစဉ်ပုံကြမ်း ဖန်တီးရေးဆွဲခြင်း

လုပ်ငန်းစီမံကိန်းပုံကြမ်းအား အောက်တွင်ရေးသွင်းပါ။

ဥပမာ ၁း လုပ်ငန်းဆိုင်ရာ အချက်အလက်များအား နေ့စဉ်ကွင်းဆင်းလေ့လာ စစ်ဆေးပေးပါ။ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် တာဝန်ရှိသူအားလုံးအား ခေါ်ယူ၍ လုပ်ငန်း၏အားသာချက်၊ အားနည်းချက်များအား မေးမြန်းဆွေးနွေးပေးပါ။ လုပ်ငန်းတာဝန်ရှိသူ အသီးသီးအပေါ် မိမိဘက်မှ အပြုသဘောဖြင့် ကောင်းမွန်စွာ တုံ့ပြန်ပြောဆို၍ တတ်စွမ်းနိုင်သမျှ ကူညီပေးပါ။ မကောင်းကျိုးသက်သက်သာ ပေးနိုင်သည့် ပြဿနာများအား ကန့်သတ်ထိန်းချုပ်၍ သီးခြားဖြေရှင်းပါ။ ကြီးကြပ်ရေး

mgyoe.com

mgyoe.com


မှုုးများ အားလုံး ရက်သတ္တတစ်ပတ်လျှင် လုပ်ငန်းစစ်ဆေးမှု (တယ်လီဖုန်းဖြင့် မေးမြန်းပြောဆိုခြင်း ၁၅ ကြိမ်မှ အကြိမ် ၂၀ ထိရှိရန်) လိုအပ်သည်။

ဥပမာ–၂။ ရည်မှန်းချက် အစီအစဉ်များနှင့် ပတ်သက်၍ ရလဒ်အခြေအနေများ အကောင်းအဆိုးများ အပတ်စဉ်အလိုက် ဌာနခွဲအားလုံးအား ခေါ်ယူမေးမြန်းပါ။

---

---

---

---

---

---

---

---

---

---

---

---

---

---

---

---

---

---

---

---

---

---

---

mgyoe.com

mgyoe.com


## အသင်းအဖွဲ့အလိုက် ရည်မှန်းချက် ချမှတ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း

သင့်ဌာနအတွက် နောက်ဆုံးဖြစ်သော ရည်မှန်းချက်နှင့် စီမံကိန်း အစီအစဉ်များအောက်တွင် ရေးသွင်းပါ။ သင့်အသင်းအဖွဲ့နှင့် သူဌေးတို့၏ ရည်မှန်းချက်များအား ပြန်လည်သုံးသပ်ပါ။ လုပ်ငန်းအစီအစဉ်များအား တစ်စိုက်မတ်မတ် ဆောင်ရွက်ပါ။

**အသင်းအဖွဲ့၏ ရည်မှန်းချက်**

**အသင်းအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုအဆင့်များ**

mgyoe.com

mgyoe.com


## အလုပ်သမားများ၏ ရည်မှန်းချက်နှင့် စီမံကိန်းအစီအစဉ်များ

ကြီးကြပ်ရေးမှူးများအနေဖြင့် ရည်မှန်းချက် အစီအစဉ်များ ကျနစွာ ချမှတ်၍ ဆောင်ရွက်နိုင်ခြင်းကြောင့် လုပ်ငန်းများစွာ အဆင်ပြေတိုးတက်နိုင်သည်။ ကြီးကြပ်ရေးမှူးများဘက်မှ မည်သို့ပင် အရည်အသွေး ပြည့်ဝစွာ ဦးဆောင်နေသော်လည်း အလုပ်သမားများက ဝိုင်းဝန်းအကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါက ရည်မှန်းချက်သို့ တိကျစွာရောက်ရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အလုပ်သမားများ ကိုယ်တိုင်က ရည်မှန်းချက်ထားရှိရပြီး စိန်ခေါ်မှုအမျိုးမျိုးကိုလည်း ရင်ဆိုင်ကျော်ဖြတ်ရမည်ဖြစ်သည်။ ထိုအခါ ဦးဆောင်သူကြီးကြပ်ရေးမှူးများနှင့် နောက်လိုက်အလုပ်သမားများ၏ စွမ်းဆောင်မှုတို့ ဟန်ချက်ညီပြီး ပိုမိုကောင်းမွန်သော လုပ်ငန်းစွမ်းဆောင်ရည်များဖြစ်လာစေသည်။

လုပ်ငန်းစီမံကိန်းများ အောင်မြင်ရေးအတွက် အလုပ်သမားများ၏ ရည်မှန်းချက်မည်သို့ ရှိသည်ကို သိရှိအောင် မေးမြန်းပါ၊ အများစုအနေဖြင့် အောက်ပါအခြေအနေများအပေါ် လုံးလုံးလျားလျား နားလည်နိုင်စွမ်းရှိမည်မဟုတ်ပါ။

- ဖောက်သည်အပေါ် ဂရုတစိုက် ဆက်ဆံရန်
- အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်
- အလုပ်အကိုင် ကောင်းကောင်းလုပ်ခွင့်ရရန်
- အလုပ်တစ်ခုခုရှိထားရန်
- သူဌေးဖြစ်သူ ပျော်ရွှင်စေရန်
- အသက်ရှင်ရပ်တည်နိုင်ရန်
- အလုပ်များ ပြီးမြောက်အောင် ဆောင်ရွက်ရန်

အထက်ပါအချက်များနှင့် ပတ်သက်၍ ရှင်းလင်းစွာ သိရှိနိုင်ရန် ကြီးကြပ်ရေးမှူးများက အလုပ်သမားများအပေါ် လေ့လာဆုံးဖြတ်ပေးရမည်ဖြစ်သည်။

### ရည်မှန်းချက်ချမှတ်ခြင်း

လခရယူချင်ရုံသက်သက်ဖြင့် နေ့စဉ်အလုပ်မှန်မှန်ဆင်းတတ်သော

mgyoe.com

mgyoe.com


ရည်မှန်းချက်မရှိသော အလုပ်သမားများနှင့် တွဲဖက်လုပ်ကိုင်ရသည့် ကြီးကြပ်ရေးမှူးများ၌ အခက်အခဲများစွာ ရှိနေတတ်သည်။ သို့သော်လည်း ရည်မှန်းချက်ပါပါ ကြိုးစားလုပ်ကိုင်သည့် အလုပ်သမားများနှင့် တွဲဖက်လုပ်ကိုင်ရသူ ကြီးကြပ်ရေးမှူးဖြစ်ပါက အလုပ်ခွင်အတွင်း ပျော်ရွှင်စရာကောင်းပြီး မိမိတို့ လုပ်ငန်းဆောင်ရွက်မှုအပေါ်၌လည်း စိတ်လှုပ်ရှားနေရပါမည်။ ရည်မှန်းချက် အစီအစဉ်များ တိကျစွာ ချမှတ်နိုင်ခြင်းဖြင့် အလုပ်သမားများ၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထိုအခါ မူလက လုပ်ငန်းအပေါ် စိတ်ဝင်တစားရှိသည့် အလုပ်သမားများအဖို့ ၎င်းတို့၏ အားသွန်ခွန်စိုက်စွမ်းဆောင်မှုများအား ဆက်လက်မြှင့်တင်ပေးသွားကြမည်ဖြစ်သည်။ ၎င်းပြင် အလုပ်သမားတို့၏ အောင်မြင်မှုရလိုသည့် ဆန္ဒများ အောင်မြင်မှုအပေါ် ဂုဏ်ယူတတ်မှုများကြောင့် စားသုံးသူတို့ဘက်မှ တုံ့ပြန်မှုကောင်းများ ပြန်လည်ရရှိလာမည်ဖြစ်သည်။

## အလုပ်သမားများနှင့် ပတ်သက်၍ SMART ပုံစံဖြင့် ရည်မှန်းချက်ချမှတ်ခြင်း

အလုပ်သမားများနှင့် ပတ်သက်၍မည်သို့ ရည်မှန်းချက်အစီအစဉ်ချမည်နည်း? ထို့အတွက်နည်းလမ်း ၂ ရပ်ရှိသည်။

- အလုပ်သမားများအတွက် ရည်မှန်းချက်ချမှတ်ခြင်း
- အလုပ်သမားများနှင့် ရည်မှန်းချက်ချမှတ်ခြင်း ဟူ၍ ဖြစ်သည်။

အထက်ပါဖော်ပြပါနည်းလမ်း ၂ ရပ်အနက် ဒုတိယနည်းလမ်းက ပိုမိုထိရောက်မှု ရှိသည်။ အကြောင်းမှာ ရည်မှန်းချက်ရေးဆွဲရာတွင် အလုပ်သမားများ တစ်စိတ်တစ်ပိုင်း ပါဝင်နေခြင်းကြောင့် ၎င်းတို့၏ ကြိုးစားမှုရလဒ်များအား ကြီးကြပ်ရေးမှူးနှင့်အတူ စောင့်မျှော်ခံစားခွင့်ရှိခြင်းကြောင့်ပင် ဖြစ်သည်။

SMART ပုံစံဖြင့် ရည်မှန်းချက်ချမှတ်ရာ၌ အောက်ပါနမူနာများအတိုင်း ဆောင်ရန်၊ ရှောင်ရန်အချက်များအား လိုက်နာရမည်ဖြစ်သည်။

ခုလိုဆောင်ရွက်ပါ – နှစ်တစ်နှစ်၏ ပထမ ၃ လအတွင်း ဒေါ်လာ ၁၅၀၀၀ ဖိုးရအောင် ရောင်းနိုင်ရမည်။

mgyoe.com

mgyoe.com


ခုလိုမဆောင်ရွက်သင့် – သတ်မှတ်ထားသည်ထက် ပိုမို ရောင်းချခြင်းမပြုရ။

ခုလိုဆောင်ရွက်ပါ – မှတ်တမ်းတင်ရန်အတွက် ACT ဖောင်ကို အသုံးပြု၍ ဖောက်သည်များ၏ တိုင်ကြားချက်များအား 48 နာရီအတွင်း ကိုင်တွယ်ဖြေရှင်းပေးပါ။

ခုလိုမဆောင်ရွက်သင့် – ဖောက်သည်အား ကျေနပ်ရုံ သက်သက် မလုပ်သင့်ပါ။

ခုလိုဆောင်ရွက်ပါ – ဖုန်းသံ ၃ ခါမြည်နေချိန်အတွင်း "မင်္ဂလာပါ, ရို့စ်ဘတ်ကုမ္ပဏီကပါ" "ကျွန်မကမေရီဖြစ်ပါတယ်ရှင့်၊ ဘာများကူညီပေးရမလဲ" ဆိုပြီး ပြန်ဖြေကြားပေးပါ။

ခုလိုမဆောင်ရွက်သင့် – တယ်လီဖုန်းဖြင့် ပြောဆို၍အလုပ်လုပ်ခြင်း မပြုလုပ်သင့်ပါ။ ရည်မှန်းချက်အတိုင်း အစီစဉ်များတိုးတက်ရေးအတွက် အလုပ်သမားများနှင့် ဆောင်ရွက်ပုံအား အောက်ပါအတိုင်းချရေးပါ။

၁။ လူတွေ့စစ်ဆေးချိန်အတွင်း

၂။ အလုပ်စတင်သော ပထမဆုံးရက်

၃။ အလုပ်ဝင်ခါစ ပထမရက်သတ္တပတ်

၄။ အလုပ်ဝင်ခါစ ပထမလ

၅။ အလုပ်ဝင်ပြီး ရက်ပေါင်း ၉၀

၆။ လစဉ်တိုးတက်မှု အခြေအနေအပေါ် မျှော်လင့်ချက်များ

၇။ ၆ လတစ်ကြိမ် (သို့) နှစ်စဉ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား ပြန်သုံးသပ်ခြင်း

လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြဿနာ ၈၀ %မှာ ကြီးကြပ်ရေးမှူးများ

mgyoe.com

mgyoe.com


နှင့် မန်နေဂျာတို့၏ စီမံကွပ်ကဲမှု ညံ့ဖျင်းခြင်းကြောင့် ဖြစ်ရတတ်သည်။ အများအားဖြင့် ထင်ရှားသော မျှော်လင့်ချက်မရှိခြင်း၊ အသိမှတ်ပြုခံရမှု မရှိခြင်းတို့ကြောင့်ပင်ဖြစ်သည်။ အရေးပါသော ရည်မှန်းချက် အစီအစဉ်များ ချမှတ်ရာ၌ အတွေ့အကြုံရင့်ကျက်သော ဝန်ထမ်းတစ်ဦးဦးဖြင့် စတင်ပါ။ ထို့နောက် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြင့်မားစွာ ပါဝင်လိုခြင်း ရှိ မရှိ မေးမြန်းပါ။ အလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သတင်းအချက်အလက်များ ရယူခြင်း ပုံမှန်ပြုလုပ်ပေးပါ။ ရေးသွင်းထားပြီးသော မှတ်တမ်းများအား ပြန်လှန်သုံးသပ်ပါ။ ထို့နောက် အောက်ပါဦးတည်ချက်များအား အကောင်အထည်ဖော်နိုင်ရန် လိုအပ်သလို စတင်ပြင်ဆင်ပေးပါ။

- ကြီးကြပ်ရေးမှူးနှင့် အလုပ်သမားတို့ ပြန်လှန်ဆွေးနွေးရာ၌ အလုပ်သမားတို့၏ အလုပ်တာဝန်နှင့် စွမ်းဆောင်မှု အခြေအနေများ ထည့်သွင်းဆွေးနွေးရန် ငွေကြေးပြဿနာ (သို့) လစာတိုးမြှင့်ရေးဆိုင်ရာ ပြဿနာများကြောင့် အလုပ်ခွင်အတွင်း မလိုလားအပ်သော ဖိအားမများစေရန် ဆောင်ရွက်ရမည်။
- ပြဿနာများအား စေ့စပ်စွာဖြေရှင်း၍ တုံ့ပြန်မှုကောင်းများ ရလာစေရန်၊ အသိအမှတ်ပြုခံရမှုများလာစေရန် ဆောင်ရွက်ရမည်။
- ရည်မှန်းချက် အပေါ်သာ အာရုံစိုက်ပါ။ ပြဿနာအပေါ် အာရုံမစိုက်သင့်ပါ။
- အလုပ်သမားတို့ဘက်မှ တာဝန်ယူလိုစိတ်၊ အောင်မြင်မှုရအောင် အားထုတ်လိုစိတ်များ ရှိလာအောင် တိုက်တွန်းလှုံ့ဆော်ပေးပါ။

ရည်မှန်းချက်ချမှတ်ခြင်းနှင့် အစီစဉ် (စီမံကိန်း) များအပေါ် အလုပ်သမားများက တုံ့ပြန်ပုံ

| | |
|---|---|
| စောင့်ကြည့်ခြင်း | – မန်နေဂျာက အဲဒီလိုဆိုလိုတာလား? |
| မခံမရပ်နိုင်ဖြစ်ခြင်း | – ငါက အတွေ့အကြုံရှိတဲ့ ဝန်ထမ်းပဲ၊ ဒါတွေမလိုပါဘူး။ |
| စိတ်လှုပ်ရှားခြင်း | – ငါ့စွမ်းဆောင်ရည်မြင့်မြင့်နဲ့ ပြန်ကြိုးစား |

mgyoe.com

mgyoe.com


ပေးမယ်

**လက်ခံသဘောတူခြင်း–** ဝန်ထမ်းသစ်များထံမှ လက်ခံသဘောတူ မှုရယူခြင်း

သင့်ဝန်ထမ်းတို့ဘက်မှ မည်သို့ပင် တုံ့ပြန်စေကာမူ အရည်အချင်းရှိသော ကြီးကြပ်ရေးမှူးတစ်ဦးအနေဖြင့် လုပ်ငန်းအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားနိုင်ရန်လိုအပ်သည်။ ဝန်ထမ်းများနှင့် လုပ်ငန်းစီမံကိန်းများ ပြောဆိုဆွေးနွေးရာ၌ ကိုယ်ပိုင်ထင်မြင်ယူဆချက်ကိုယ်စီအား အပြန်အလှန် ညှိနှိုင်းဆွေးနွေးပြီးမှ အသင်းအဖွဲ့လိုက်ဖြစ်စေ တစ်ဦးချင်းစီဖြစ်စေ ဌာနတစ်ခုလုံး တိုးတက်ရေးအတွက် လုပ်ငန်းများ စတင်နိုင်မည်ဖြစ်သည်။

မြင့်မားသော စွမ်းဆောင်ရည်ပါဝင်သော အစီအစဉ်များအတွက် ပုံစံ

အမည်-------------------------------------------

ဦးစားပေးသတ်မှတ်ချက်များ-----------------------------
-----------------------------------------------

စွမ်းဆောင်နိုင်အား ---------------------------------
-----------------------------------------------

တိုးတက်အောင်ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ် -------------
-----------------------------------------------

ရည်မှန်းချက်များ ----------------------------------
-----------------------------------------------
-----------------------------------------------

ဆောင်ရွက်လုပ်ကိုင်ရန်အဆင့်များ -------------------------
-----------------------------------------------
-----------------------------------------------

ပရောဂျက်ကြီး တစ်ခုလုံးအတွက် အစမှအဆုံး အောင်မြင်ချောမွေ့စွာ လက်စသတ်နိုင်ရန် ကြီးကြပ်ရေးမှူးတစ်ဦးစီက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးအတွက် ၎င်း၏ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ရည်မှန်းချက်

mgyoe.com

mgyoe.com


များ ချမှတ်ရေးဆွဲရသည်။ ပြီးနောက် ရည်မှန်းချက်အတိုင်း သတ်မှတ်ရက် အမီ ပြီးဆုံးနိုင်ရန် အသေးစိတ်လုပ်ငန်း စီမံကိန်းများ ရေးဆွဲကြရသည်။ ထို့နောက် လုပ်ငန်းစတင်ချိန်မှ မပြီးဆုံးသေးမီ ကာလအတွင်း လအလိုက် နှစ်အလိုက် လုပ်ငန်းတိုးတက်မှု အခြေအနေများအား စာရင်းဇယားများ ရေးဆွဲ၍ အများသိမြင်နိုင်အောင် ပြသထားရမည်ဖြစ်သည်။ ပရောဂျက် သဘာဝအရ ဝန်ထမ်းများအနေဖြင့် ပထမ ၃ လပတ်အတွင်းမှာပင် လုပ်ငန်းတစ်ခုလုံး၏ ရည်မှန်းချက်အရ ၂၅% တိုးတက်မှုရှိအောင် ဆောင် ရွက်နိုင်ရမည်ဖြစ်သည်။

## အကောင်းဆုံး စီမံကွပ်ကဲနိုင်သူ

ရှယ်လီသည် စီးပွားရေးလုပ်ငန်းကြီးတစ်ခု၏ ထုတ်လုပ်ရေးပိုင်းတွင် တာဝန်ယူရသော ကြီးကြပ်ရေးမှူးတစ်ယောက်ဖြစ်သည်။ သူမ၌ တိုက်ရိုက် အစီရင်ခံစာပေါင်း ၄၀ အထိ ရှိခဲ့သည်။ အလုပ်သမားအမျိုးမျိုးတို့အနေဖြင့် အလုပ်အမျိုးအစားများစွာတို့အား ခွဲခြားလုပ်ကိုင်ပေးကြရသည်။

အကောင်းဆုံး စီမံခန့်ခွဲမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ပြီး သည့်နောက်ပိုင်း ရှယ်လီက သူမ၏ ရည်မှန်းချက်နှင့် လုပ်ငန်းစီမံကိန်း များအား သူမ၏ အသင်းအဖွဲ့နှင့်အတူ ပူးပေါင်းရေးဆွဲခဲ့သည်။ ရှယ်လီ ၏ ရည်မှန်းချက်အစီအစဉ်များ၌ လစဉ်လတိုင်း ကုန်ထုတ်စွမ်းရည်မြှင့်တင် ရေး အစီအစဉ်များ ပါဝင်ခဲ့သည်။

ရှယ်လီက သူမရဲ့ ဝန်ထမ်းပေါင်းစုံ ပါဝင်နေတဲ့ အဖွဲ့ကို အဖွဲ့ငယ် ၇ ဖွဲ့ရအောင်ခွဲပြီး ဖွဲ့လိုက်သည်။ ထို့နောက် ရည်မှန်းချက်လုပ်ငန်းစဉ် တစ်ခုစီအလိုက် အဖွဲ့ငယ်တစ်ဖွဲ့စီအား သီးခြားတာဝန်ပေးရန် တွေ့ဆုံပြီး လုပ်ငန်းစတင်စေခဲ့သည်။ အဖွဲ့ငယ်တစ်ဖွဲ့စီအား ၎င်းတို့ကိုယ်တိုင် အဖွဲ့ နာမည်ပေးပိုင် ခွင့်ပြုထားသည်။ အဖွဲ့ငယ်အသီးသီးကလည်း ၎င်းတို့နှင့် တိုက်ရိုက်သက် ဆိုင်သည့် လုပ်ငန်းကဏ္ဍတိုးတက်မှု အခြေအနေအား စာရင်းဇယားဖြင့် ရေးဆွဲဖော်ပြပေးရသည်။

လုပ်ငန်းစဉ် အဆင့်အလိုက် ပထမ ၆ လတွင် ကုန်ထုတ်စွမ်းအား မြင့်မားစွာ တိုးတက်ခဲ့ခြင်းကြောင့် ရည်မှန်းထားသည်ထက် ၅ ကြိမ်တိတိ

mgyoe.com

mgyoe.com


ကျော်လွန်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

ရှယ်လီနှင့် သူမ၏ အဖွဲ့မှာ အောင်မြင်မှုအားလုံးအား ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြသည်။

ရှယ်လီအသုံးချခဲ့တဲ့ မဟာဗျူဟာတွေကက ဘာတွေလဲ?

--------------------------------------------

--------------------------------------------

--------------------------------------------

သင့်အနေနဲ့ ဘာတွေသင်ယူနိုင်ခဲ့ပြီး ဘာတွေပြန်သင်ရမှာလဲ?

--------------------------------------------

--------------------------------------------

--------------------------------------------

အကျဉ်းချုပ်

ဤအခန်းတွင် ဝန်ထမ်းများအား လှုံ့ဆော်တိုက်တွန်းမှုနှင့် ပတ်သက်၍ ဘာတွေသင်ယူတတ်မြောက်ခဲ့ပါသလဲ?

သင့်ရည်မှန်းချက်အတိုင်း ဖြစ်မြောက်အောင်မြင်လာပါက သင့်လုပ်ငန်းအပေါ် ပိုမိုကျေနပ် ဂုဏ်ယူမိပါမည်။ ထို့ပြင်မက အလုပ်သမားများ၏ ဝန်းကျင်တစ်ခုလုံး အကျိုးစီးပွားဖြစ်ထွန်းလာစေရန် ဖန်တီးဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

❖

mgyoe.com

mgyoe.com

# အပိုင်း-၂

## ခိုင်မာစွာ ယုံကြည်လက်ခံစေခြင်း

"ခေါင်းဆောင်ဖြစ်သူတွင် အလုပ်သမားထုကြီးတစ်ရပ်လုံးအား စိတ်လှုပ်ရှားအောင် စွဲဆောင်နိုင်စွမ်းရှိသည့် ကိုယ်ပိုင်စိတ်ကူး စိတ်သန်းကောင်းများ ရှိထားရမည်ဖြစ်သည်"

*ဒေးဗစ်ဗာလူး*

ဤအခန်းတွင်

- သြဇာသက်ရောက်မှုခိုင်မာစေခြင်း
- ယုံကြည်မှုနှင့် ရင်းနှီးပြေလည်သော ဆက်ဆံရေးတည်ဆောက်ခြင်း
- နားကျပါးကျနားထောင်ခြင်း

mgyoe.com